ABSDF

All Burma Students' Democratic Front

## လက်ပံတန်းတွင် တားဆီးခံနေရသည့် ကျောင်းသားသပိတ်စစ်ကြောင်းအား

## မြန်မာအာဏာပိုင်တို့၏ အကြမ်းဖက်နှိမ်နင်းဖြိုခွင်းမှုအပေါ် သဘောထား ထုတ်ပြန်ကြေငြာချက်။

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရေးအတွက် ငြိမ်းချမ်းစွာ လမ်းလျှောက် ချီတက် ဆန္ဒပြနေသည့် ကျောင်းသားများ၏ ပင်မသပိတ်စစ်ကြောင်းအား လက်ပံတန်းမြို့တွင် မြန်မာအာဏာပိုင်တို့မှ တားဆီးပိတ်ဆို့ ထားခဲ့သည်မှာ ၁၀ ရက် ကြာမြင့်ခဲ့သည်။

ယနေ့ ၂၀၁၅ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ရဲအင်အား အလုံးအရင်းဖြင့် အကြမ်းဖက် နှိမ်နင်း ဖြိုခွင်းပြီး ကျောင်းသားအများအပြား အပါအဝင် ဒေသခံပြည်သူများ၊ မီဒီယာသမားများအား ဖမ်းဆီးခဲ့ခြင်း အပေါ် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) မှ ပြင်းပြင်းထန်ထန် ရှုတ်ချ လိုက်သည်။

မကဒတ အပါအဝင် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ ကျောင်းသားသပိတ်အား အကြမ်းဖက် ဖြိုခွင်းခြင်း မပြုရန် ကြိမ်ဖန် များစွာ မေတ္တာရပ်ခံခဲ့ကြပြီး ဆွေးနွေးညှိနှိုင်း ဖြေရှင်းကြပါရန် တိုက်တွန်းခဲ့ကြသည်။

သို့ရာတွင် မြန်မာ အာဏာပိုင်တို့၏ ကျင့်ထုံးကဲ့သို့ဖြစ်နေသော အကြမ်းဖက် ဖြေရှင်းနေမှုများကြောင့် မြန်မာ့နိုင်ငံရေး အခြေအနေမှာ အဆိုးရွားဆုံးအခြေအနေသို့ ကျရောက်သွားနိုင်သည့်အပြင် မလိုလားအပ်သည့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း ရင်ဆိုင်ကြုံတွေ့ရနိုင်ပေသည်။ ယနေ့ အကြမ်းဖက် ဖြိုခွင်းသည့်လုပ်ရပ်သည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ရှိအစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ပြောဆိုနေမှုများကို ယုံကြည်မှု ကင်းမဲ့စေပြီး ပြည်တွင်းမငြိမ်သက်မှုများဖြစ်လာစေရန် လက်ရှိအစိုးရက ဖန်တီးနေသကဲ့သို့ဖြစ်ပေါ်နေသည်။

ထို့ကြောင့် လတ်တလော ဖမ်းဆီးထိမ်းသိမ်းထားခံရသော ကျောင်းသားလူငယ်များ၊ အလုပ်သမားများ၊ ရဟန်းသံဃာများ၊ မီဒီယာများ အပါအဝင် အားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးပြီး တွေ့ဆုံဆွေးနွေး ဖြေရှင်းပေးသွားရန် လိုအပ်ပါကြောင်း မိမိတို့၏ သဘောထားကို ထုတ်ပြန်လိုက်သည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(ကျောင်းသားတပ်မတော်)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်။